# စကော့တလန်တွင် ကျန်းမာရေးနှင့် ဆေးကုသခွင့် လျှောက်ခြင်း

ဧပြီ ၂၀၁၁

Access to health care - Burmese

ဤစာစောင်သည် စကော့တလန်တွင် ကျန်းမာရေးနှင့်ဆေးကုသခွင့်ကို မည်သို့ လျှောက်ထား အသုံးပြုနိုင်သည့် အချက်အလက်များ ကို ဖေါ်ပြထားပါသည်။ သင်သည် ခိုလှုံခွင့် လျှောက်ထားခြင်းတစ်လျှောက်လုံးနှင့် လျှောက်ပြီးနောက် ကျန်းမာရေးနှင့်ဆေးကုသခွင့် ရရှိရေးဆိုင်ရာ မေးခွန်းများကို ဖြေကြားထားပါသည်။

**ကျွန်ုပ်သည် စကော့တလန်တွင် ကျန်းမာရေးနှင့်ဆေးကုသခွင့် ရနိုင်ပါသလား။**

- ရနိုင်ပါသည်။ စကော့တလန်တွင် ကျန်းမာရေးနှင့်ဆေးကုသခွင့် အများစုကို နိုင်ငံတော်ကျန်းမာရေးလုပ်ငန်း National Health Service (NHS) မှ ပေးနေပါသည်။ စကော့တလန်တွင် တရားဝင် နေထိုင်သူ မှန်သမျှသည် ကျန်းမာရေးဆေးကုခွင့်ကို အတိုင်းအတာတစ်ခုအထိ ခံစားပိုင်ခွင့်ရှိပါသည်။

- သင်သည် ခိုလှုံခွင့်လျှောက်ထားသူ သို့ မဟုတ် ဒုက္ခသည် ဖြစ်လျှင် ဤလုပ်ငန်းဆောင်တာများစွာကို သင်သည် အခမဲ့ ခံစားခွင့် ရှိပေမည်။

**ကျွန်ုပ်သည် ကနဦး အိမ်နေရာထိုင်ခင်းတွင် ကျန်းမာရေးနှင့်ဆေးကုသခွင့် မည်သို့ အသုံးပြုနိုင်သနည်း။ ( သင်သည် သာမန်အားဖြင့် ဤနေရာမျိုးတွင် ၂ပတ်မှ ၄ပတ်ခန့် အထိနေရမည်။)**

- သင့်တွင် အရေးပေါ် ဆေးကုရန် လိုအပ်လျှင်၊ သင်သည် ကျွန်ုပ်တို့ ၏ စကော့တလန် တွင် တသားတည်း နေသားကျရေးစနစ် Scottish Induction Service (SIS) သို့  ဆေးခန်းဖွင့်ချိန် ၉း၃၀ မှ စ၍  တနင်္လာနေ့ မှ သောကြာနေ့ အတွင်း ဆက်သွယ်သင့်သည်။

- ကနဦး အိုးအိမ်နေရာတွင် သင့်ကို ဖဲန်ဘဲန့် က် ဆေးဝါးစင်တာ Fernbank Medical Centre မှ ဆရာဝန်တစ်ဦးဦးနှင့် ယာယီ မှတ်ပုံတင်ထားမည်။  ထိုဆေးခန်းသည် 194 Fernbank Street Springburn Glasgow G22 6BD တွင် ရှိသည်။

- သင်သည် ဆရာဝန်များနှင့်ရက်ချိန်းယူရာတွင် Scottish Induction Service သို့ ဆက်သွယ်၍ တနင်္လာနေ့ မှ သောကြာနေ့အအထိ ဆေးခန်းဖွင့်ချိန် ၉း၃၀ းဖွင့်ချိန် အတွင်း ဆက်သွယ်သင့်သည်။

**ကျွန်ုပ်သည် ရေရှည်နေရန် ဖြန့် ကျဲနေရာချထားမှု (dispersal) နေရာထိုင်ခင်းသို့ ပြောင်းပြီးနောက် ကျန်းမာရေးဆေးကုသခွင့် မည်သို့ အသုံးပြုနိုင်မည်နည်း။**

- သင့်အား ရပ်ကွက်ဆရာဝန်နှင့်အပ်မည်။

- သင်၏လိပ်စာသစ်သို့ ရောက်အပြီး ၄၈ နာရီအတွင်း ဆရာဝန်မှတ်ပုံတင်ကတ်ပြား သင်၏ လိပ်စာသစ်သို့ ရောက်လာမည်။ အကယ်၍ ယင်းကတ်ပြား မရရှိပါက သင်၏ အိမ်ခန်းတာဝန်ရှိသူသို့ ဆက်သွယ်ပါ။

- သင်၏ ဆရာဝန် မှတ်ပုံတင်ကတ်သည် သင်၏ အမည်၊ လိပ်စာ နှင့်  သင်၏ ဆရာဝန်သစ်၏ ဆက်သွယ်ရန်ဖုန်း နံပါတ်တို့  ပါရှိသည်။

- သင်၏ မှတ်ပုံတင်မှု ပြီးဆုံးရန်အတွက် သင်၏ ဆရာဝန် မှတ်ပုံတင်ကတ် ရသည်နှင့် တစ်ပြိုင်နက် သင့်ကို သတ်မှတ်အပ်နှံထားသည့် ဆရာဝန်ထံသွားရန် **အလွန်** အရေးကြီးသည်။ သင်၏ မှတ်ပုံတင်မှု ပြီးဆုံးမှသာလျှင် ဆေးကုသခွင့်ရမည်ဖြစ်သည်။

**ကျွန်ုပ်သည် ဒုက္ခသည်အဖြစ် လက်ခံရရှိပြီး သို့ မဟုတ် နေထိုင်ခွင့် (LTR) ရရှိထားပါလျှင် ကျန်းမာရေးဆေးကုသခွင့်အတွက် မည်သို့ လုပ်ဆောင်ရပါမည်နည်း။**

- သင်သည် ခိုလှုံခွင့်လျှောက်ခြင်းအောင်မြင်ပြီး ဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံခဲ့ရလျှင် သို့ မဟုတ် နေထိုင်ခွင့် ရရှိခဲ့ပါလျှင်၊ သင်သည် စကော့တလန်နှင့် ယူကေတစ်လျှောက်တွင် ကျန်းမာရေးနှင့်ဆေးကုသခွင့် ဆက်လက်ခံစားခွင့် ရှိပါသည်။ သင်သည်အခြားတစ်နေရာသို့ ပြောင်းရွှေ့ ရန် ဆန္ဒမရှိသ၍ သင်သည် သင်၏ လက်ရှိဆရာဝန်နှင့် ဆက်လက်မှတ်ပုံတင်ထားလျက်ရှိနေမည်။

  သင်သည် အခြားဒေသသို့ ပြောင်းရွှေ့သွားလျှင် သင်ပြောင်းသွားသည့်ရပ်ကွက်၏ဆရာဝန်၏ ရုံး ( ခွဲစိတ်ဌာန) တွင် မှတ်ပုံတင်နိုင်ပေမည်။

**ကျွန်ုပ်သည် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုမခံရလျှင် သို့ မဟုတ် နေထိုင်ခွင့် *မရလျှင်* ကျန်းမာရေးဆေးကုသခွင့် ရရန် မည်သို့ လုပ်ဆောင်ရမည်နည်း။**

- အကယ်၍ သင်၏ ခိုလှုံခွင့် အပေါ် မကောင်းသော ဆုံးဖြတ်ချက်ကို သင်မှ အယူခံလျှင် အယူခံမှုဆုံးဖြတ်ချက်ချသည်အထိ ကျန်းမာရေးနှင့် ဆေးကုသခွင့်ကို သင်သည် ဆက်လက်ခံစားပိုင်ခွင့်ရှိသည်။
- အကယ်၍ သင်၏ ခိုလှုံခွင့် သည်ငြင်းဆိုခြင်းခံခဲ့ရပြီး၊ ယင်းဆုံးဖြတ်ချက်အပေါ် အယူခံမှု အဆင့်ဆင့်သည် မအောင်မြင်ခဲ့လျှင်၊ သင်သည် ယူကေတွင် ဆက်လက်ရှိနေသေးလျှင် သင်သည် စကော့တလန်တွင် NHS မှ ဆေးကုသခွင့် ဆက်လက်ရနေမည်။

**ကျွန်ုပ်သည် အရေးပေါ် ကျန်းမာရေးဆေးကုသခွင့် ကို မည်သို့ ရရှိမည်နည်း။**

- သင် သို့ မဟုတ် သင်၏ မိသားစုသည် အလွန်ဖျားနာနေလျှင် သို့ မဟုတ် ပြင်းထန်စွာ ထိခိုက်အနာတရဖြစ်ခဲ့လျှင် သင်၏ ဆေးရုံတွင် ထိခိုက်ဒဏ်ရာရမှုနှင့် အရေးပေါ် (ဗရန) သို့ သွားသင့်သည်။ ဗရန သို့ သွားရန် ဆေးရုံကားလိုအပ်လျှင် ၉၉၉ သို့ ဖုန်းခေါ်ပါ။ ၉၉၉သည် တရားဝင် အရေးပေါ် ဖုန်း နံပတ် ဖြစ်ပြီး သင့်အား အရေးပေါ်အကူအညီရရန် အရေးပေါ်ဌာနများသို့ ဆက်သွယ်ပေးလိမ့်မည်။ အရေးပေါ်အချိန်တွင်သာ အသုံးပြုရန် ဖြစ်သည်။
- ထိခိုက်အနာတရ နှင့် အရေးပေါ် (ဗရန) ဌာန သည် တစ်ပတ်လျှင် (၇) ရက်၊ တစ်ရက်လျှင် ၂၄နာရီဖွင့်သည်။
- ကြိုတင် ချိန်းဆိုရန်မလိုသော်လည်း ဆရာဝန်၊ ဆရာမနှင့် တွေ့ သည်အထိ အတော်စောင့်ရတတ်သည်။

**ဆရာဝန်နှင့် မှတ်ပုံတင်မထားလျှင် ကျွန်ုပ်သည် ဘာလုပ်သင့်သနည်း။**

သင်သည် ဆရာဝန်နှင့် မှတ်ပုံတင်မထားလျှင် အိမ်ခန်းပိုင်ဆိုင်ထိန်းသိမ်းသူကိုတာဝန်ယူသူ သို့ မဟုတ် ရပ်ကွက် ဒုက္ခသည်အဖွဲ့ သို့ ဆက်သွယ်၍ သူတို့ မှ သင့်အား ရပ်ကွက်တွင်း မည်သို့ မှတ်ပုံတင်ရမည်ကို ပြောပြနိုင်ရန် ဆက်သွယ်ပါ။


Scottish Refugee Council is a charity registered in Scotland.
Registered Charity: SC008639

**NHS က ပေးအပ်သည့် ဝန်ဆောင်မှုတစ်ခုကို သင်မကျေနပ်လျှင် ကျွန်ုပ် ဘာလုပ်ရမည်နည်း။**

အောက်ပါတို့ကို သတိရရန် အရေးကြီးသည်။

- ကျန်းမာရေးစောင့်ရှောက်မှုကို ရယူသောအခါ သင့်အား ရိုသေလေးစားမှု၊ ဂုဏ်သိက္ခာဖြင့် အခြားမည်သူနှင့်မဆိုတန်းတူ ဆက်ဆံခံပိုင်ခွင့်ရှိသည်၊
- သင်၏ NHS ချိန်းဆိုမှုများအတွက် သင့်တွင် စကားပြန်တစ်ယောက် ရပိုင်ခွင့်ရှိသည်။ အမျိုးသမီး စကားပြန်တစ်ယောက် သို့မဟုတ် အမျိုးသား စကားပြန်တစ်ယောက်ကို သင်ပိုနှစ်သက်ပါက သင်အနေဖြင့် ၎င်းကို တောင်းဆိုနိုင်သည်၊ သင်၏ ချိန်းဆိုမှုများအတွက် စကားပြန်ရန် တာဝန်ပေးထားသော သူကို သင်သဘောမကျခဲ့လျှင် NHS ဝန်ထမ်းတစ်ယောက်ကို သင် ချက်ချင်း ပြောသင့်သည်၊ ဥပမာအားဖြင့်၊ သင်သည် စကားပြန်ကို ပုဂ္ဂိုလ်ရေးအရသိပြီး ၎င်းအား ကိုယ်ရေးကိုယ်တာ အချက်အလက်များ ဖွင့်ပြောရသည်ကို သက်သောင့်သက်သာ မရှိလျှင် သို့မဟုတ် သင့် စကားပြန်သည် သင်၏ သီးခြား ဒေသန္တရဘာသာစကားကို နားလည်နိုင်လောက်အောင်၊ ရှင်းပြနိုင်လောက်အောင် မပြောတတ်လျှင် NHS ဝန်ထမ်းတစ်ယောက်ကို သင် ပြောသင့်သည်။
- သင့်အားတာဝန်ချပေးထားသော ဆရာဝန်(GP)အား ထိုဆေးခန်းတွင် နောက်ဆရာဝန်တစ်ယောက်နှင့် ပြောင်းလဲရန် တောင်းဆိုပိုင်ခွင့် သင့်တွင်ရှိသည်။ ဥပမာအားဖြင့်၊ သင်သည် အမျိုးသမီး တစ်ယောက်ဖြစ်ပြီး အမျိုးသမီး ဆရာဝန်တစ်ယောက် သို့မဟုတ် အထူးကုဆရာဝန်တစ်ယောက်နှင့် ပြရသည်ကို ပိုသဘောကျလျှင် သင်အနေဖြင့် ၎င်းကို တောင်းဆိုနိုင်သည်။ သင့်တောင်းဆိုချက်ကို ဖြစ်နိုင်သည့်အခါ ဖြည့်ဆည်းပေးမည်။

NHS က ပေးအပ်သည့် ဝန်ဆောင်မှုတစ်ခုကို သင်မကျေနပ်လျှင် သို့မဟုတ် သင်သည် ညံ့ဖျင်းသည့် သို့မဟုတ် မလုံလောက်သော ဝန်ဆောင်မှုကို NHS အတွက် အလုပ်လုပ်နေသူ မည်သူထံမှမဆို ရရှိခဲ့လျှင် သင်အနေဖြင့် တိုင်တန်းနိုင်ခွင့် ရှိပါသည်။ တိုင်တန်းခြင်းသည် သင့်လူဝင်မှု အခြေအနေ သို့မဟုတ် သင့်ခိုလှုံမှုတောင်းဆိုခြင်းကို သက်ရောက် ထိခိုက်လိမ့်မည်**မဟုတ်ပေ**။

တိုင်တန်းမှုပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက သင်၏ဒေသဆိုင်ရာ အကြံပေး ဝန်ဆောင်မှု သို့မဟုတ် တိုင်တန်းမှုဌာန ဖုန်းနံပါတ် 0141 201 4500 သို့မဟုတ် အီးမေးလ် complaints@ggc.scot.nhs.uk ကို ဆက်သွယ်သင့်သည်။ တိုင်တန်းမှုပြုလုပ်ခြင်းနှင့်ပတ်သက်၍ အချက်အလက်များ ပိုမိုပေးထားသော အပြာဖျော့ရောင် "ဝေဖန်ပြောဆိုမှုများ၊ စိုးရိမ်ပူပန်မှုများနှင့် တိုင်တန်းမှုများ"ပိုစတာများကိုလည်း NHS အဆောက်အအုံနှင့် ယင်းဥပစာအားလုံးတွင် ကပ်ထားပါသည်။